စက်တင်ဘာ ၂၀၁၉

## အောင်မြင်သော ခရီးလမ်း

# အများပါဝင် အကျိုးခံစားနိုင်သော စီးပွားရေးလုပ်ငန်းကြောင့် ရခိုင်ပြည်နယ်ရှိ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာ




ဓာတ်ပုံ - ရခိုင်ပြည်နယ် မာန်အောင်ကျွန်းရှိ မြရောစက်ရုံသစ်တွင် ကိုဇော်မင်းထွန်း လုပ်ငန်းခွင်ဝင်နေစဉ်။

၂၀၁၆ ခုနှစ် ကိုဇော်မင်းထွန်း အိမ်ပြန်လာခဲ့စဉ်က မာန်အောင်ကျွန်းမှာ ထူးထူးခြားခြား တိုးတက်ပြောင်းလဲမှု မရှိသေးပါ။ ပုံမှန်ဝင်ငွေရလုပ်ငန်း ရှားပါးပြီး အသက် ၃၃ နှစ်အရွယ်ရှိ ကလေး ၄ ယောက်အဖေ ကိုဇော်မင်းထွန်းသည် မိသားစု စားဝတ်နေရေးအတွက် အလုပ်ကြမ်းတစ်ခုပြီး တစ်ခု လုပ်ခဲ့ရပါသည်။ ကိုဇော်ကဲ့သို့ လုပ်ငန်းကျွမ်းကျင်ပြီး အတွေ့အကြုံရှိသူ တစ်ယောက်အတွက် လက်ခံရန် ခဲယဉ်းခဲ့ပါသည်။

လွန်ခဲ့သော ၂နှစ်ခန့်က ပုံမှန်ဝင်ငွေရရန်အတွက် မလေးရှားနိုင်ငံရှိ ကားဝပ်ရှော့တစ်ခုတွင် ထွန်စက်မောင်း/ပြင် အလုပ်ကို သင်ယူခဲ့ပါသည်။ မလေးရှားမှာ ကြိုးစားလုပ်ကိုင်ပြီး ဝင်ငွေ အသင့်အတင့် ကောင်းခဲ့ပါသော်လည်း မိသားစုနှင့် ကြာမြင့်စွာခွဲခွာနေရခြင်းကို သည်းမခံနိုင်တော့ပါ။

ကိုဇော်မှာ လုပ်ငန်းကျွမ်းကျင်ပြီး အတွေ့အကြုံ ရှိသော်လည်း ကျွန်းသို့ ပြန်လာသည့်အခါ သစ်ခုတ်ခြင်း၊ အလုပ်ကြမ်းလုပ်ခြင်း၊ အသေးစားစက်ပြင်ခြင်း စသည့်အချိန်ပိုင်းအလုပ်များ ပြန်လုပ်ရင်း အစက ပြန်စခဲ့ရပါသည်။

၂၀၁၈တွင် မာန်အောင်ကျွန်း၏ စီးပွားရေး အခြေအနေ ပြောင်းလဲခဲ့ပါသည်။ မြရောကုမ္ပဏီမှ မာန်အောင်ကျွန်း ဒေသ ပြန်လည်ဖွံ့ဖြိုးရေးအတွက် စွန့်ပစ်ပစ္စည်း အနည်းဆုံး အသုံးပြု၍ သဘာဝအုန်းသီး ထုတ်ကုန်များ ထုတ်လုပ်မည့် မာန်အောင်ရတနာစက်ရုံကို ပထမဦးဆုံး လာရောက် တည်ဆောက်ခဲ့ပါသည်။ ဤစက်ရုံမှ လယ်သမားများ အားလုံးပါဝင်စေသည့် ရေရှည်တည်တံ့သော

> "အခုဆို ကျွန်တော့် မိသားစုအတွက် ဝင်ငွေအလုံအလောက်ရပီး အဝေး (အခြားနိုင်ငံ) မှာလည်း အလုပ်သွားလုပ်စရာ မလိုတော့ဘူး။ ဇာတိမှာပဲ မိသားစုနဲ့အတူ သိုက်သိုက်ဝန်းဝန်း နေရတယ်။"

လုပ်ငန်းကွန်ယက်တစ်ခုကို အကောင်အထည်ဖော်ခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး ဒေသခံများ ဝင်ငွေတိုးလာစေရန် ရည်ရွယ်ပါသည်။ ထို့အပြင် မြရောမှ နနွင်း၊ နာနတ်နှင့် ချင်း(ဂျင်း) တို့ကို သီးညှပ် စိုက်ပျိုးမှု မိတ်ဆက်ပေးပြီး အုန်းစိုက် တောင်သူများအတွက် ဝင်ငွေတိုးစေခဲ့ပါသည်။

အားလုံးပါဝင်သည့် စီးပွားရေးလုပ်ငန်းဖြစ်မြောက်ရေး အတွက် UKaid ၏ပံ့ပိုးမှု DAI ၏အကောင်အထည်ဖော်မှုဖြင့် DaNa Facility မှရံပုံငွေပံ့ပိုးထားခြင်း ဖြစ်ပါသည်။ ၂၀၁၈တွင် မာန်အောင်ရတနာစက်ရုံကို စတင်ဆောက်လုပ်ခဲ့ပြီး ဒေသခံများကို စတင်ငှားရမ်းလုပ်ကိုင်ခဲ့ပါသည်။

အလုပ်ခေါ်တာသိသိချင်း ကိုဇော်မင်းထွန်း အလုပ် လျှောက်လွှာတင်ခဲ့ပါသည်။ "ကျွန်တော်တို့ ကျွန်းမှာ ဒီလိုလုပ်ငန်းကြီးမျိုး လုပ်မယ်ဆိုတော့ အံ့ဩဝမ်းသာမိပါတယ်။ ကျွန်တော်တို့အတွက် မျှော်လင့်ချက်တွေ၊ စစ်မှန်တဲ့ အခွင့်အလမ်းတွေ ရခဲ့ပါပြီ။"

ကိုဇော်မင်းထွန်းအား မြရောမှ အချိန်ပြည့်ထွန်စက်မောင်း အဖြစ် အလုပ်ခန့်ခဲ့ပါသည်။ လအနည်းငယ်ကြာပြီးနောက် စက်ရုံက စီမံကိန်း၏ပံ့ပိုးမှုဖြင့် ထွန်စက်အသစ် တစ်စီးဝယ်ခဲ့ပြီး လယ်သမားများ သီးညှပ်စိုက်ပျိုးနိုင်ရန် အကူအညီပေးခဲ့ပါသည်။ မလေးရှားတွင်သင်ယူလေ့လာခဲ့သော ကျွမ်းကျင်မှုများကြောင့် လယ်ထွန်စက်ကို ပြင်/မောင်း လုပ်နိုင်ခဲ့ပါသည်။

"အခုဆို ကျွန်တော်က လူမှန်၊ နေရာမှန်၊ အချိန်မှန်ပေါ့။ မိသားစုအတွက် ဝင်ငွေအလုံအလောက်ရပြီး အဝေး (အခြားနိုင်ငံ) မှာလည်း အလုပ်သွားလုပ်စရာ မလိုတော့ဘူး။ ဇာတိမှာပဲ မိသားစုနဲ့အတူ သိုက်သိုက်ဝန်းဝန်း နေရတယ်။"

မာန်အောင်ရတနာစက်ရုံကို ၂၀၂၀ခုနှစ်တွင် အပြီးသတ်ဆောက်လုပ်ပြီးပါက မြရောမှ ဒေသခံများအတွက် နောက်ထပ်အလုပ် ၂၅၀ ကျော် ဖန်တီးပေးနိုင်ပါမည်။ စက်ရုံလည်ပတ်သည့်အခါ အုန်းစိုက်တောင်သူ ၄၀၀၀ ထံမှ အုန်းသီးများ ဈေးကောင်းပေးဝယ်မည် ဖြစ်ပါသည်။

September 2019

## SUCCESS STORY:

# Inclusive Business Initiative Improves Livelihoods for Local People in Rakhine State



Ko Zaw Min Htun on the job at Mya Ayer's new factory on Man-Aung Island, Rakhine State

When Ko Zaw Min Htun returned to his home on Man-Aung Island, Rakhine State, in 2016, not much had changed. Steady jobs were still few and far between, and the 33 year-old father of four had to settle for a succession of casual labour jobs. This was hard to accept for someone with Zaw's skills and experience.

Zaw had left the island two years earlier in search of stable work, finding a job at a workshop in Malaysia, where he learned how to drive and maintain tractors. Zaw took full advantage of the economic opportunities on offer in Malaysia. He worked hard, earned a decent income, and learned new skills. But being apart from his young family for so long had become too much to bear.

Although Zaw returned home as an experienced, skilled worker, he found himself back where he had started; forced to take the part-time, intermittent work on offer, such as logging, labouring, and small repair jobs.

In 2018, the economic outlook for the island began to change. In an effort to revitalise the island, Mya Ayer Co. Ltd. came to Man-Aung to build Myanmar's first zero-waste factory for organic coconut products. The factory, which represents

**"My family can now live comfortably in our traditional home and I get to see my children every day."**

one of the largest manufacturing investments in Rakhine State, integrates farmers into sustainable, inclusive supply chains that create jobs and increase incomes. As part of the initiative, Mya Ayer has introduced intercropping of turmeric, pineapple, and ginger, providing coconut farmers with additional sources of income.

This ambitious inclusive business initiative was supported by UK aid in the form of a grant award from the DaNa Facility, implemented by DAI. The company started construction in June 2018 and began hiring local people to support the project.

Zaw wasted no time submitting an application. "I was overwhelmed that a project of such a large scale was happening on our island. It has provided hope and real opportunities for us," he said.

Zaw was hired as a full-time driver. After a few months, the company bought a new tractor with UK aid support to assist farmers with intercropping. Because of the skills he learned in Malaysia, Zaw was chosen to drive and maintain the tractor.

"Now I am the right man in the right place at the right time. I am earning enough for my family without having to be away from them anymore. My family can now live comfortably in our traditional home and I get to see my children every day," said Zaw.

Mya Ayer will complete construction of the Man-Aung Ratana Factory in 2020, creating 250 more jobs for the local community. Once operational, the company will purchase coconuts from over 4,000 local farmers at premium prices.